အင်္ဂလိပ် - မြန်မာ နှစ်ဘာသာ အဆင့်မြင့်ရုပ်ပြ


ဗျူး၏

မြန်မာ့ရိုးရာစကားပုံ

သရုပ်ဖော်ပုံပြင်များ

ကာတွန်း ဇော်ဝိုင်

# ချီးမွမ်း ခုနှစ်ရက်
# ကဲ့ရဲ့ ခုနှစ်ရက်



ကာတွန်း

# ဇော်ဝိုင်း

Tr.H.K

cartoon : zaw wine

## ချီးမွမ်းခုနစ်ရက်
## ကဲ့ရဲ့ခုနစ်ရက်

The praise lasts only seven days
The dispraise lasts only seven days

ဘုရားရှင်သည် ကောသမ္ဗီပြည်၌.. သူဌေးကြီး "ဃောသက" လှူဒါန်းအပ်သော ကျောင်း၌.. သီတင်းသုံးတော်မူသည်..

Our Lord Buddha resided in the monastery which was donated by rich man Gauthaka in Kauthambi country.



ဘုရားရှင်သည်.. အရှင်အာနန္ဒာနှင့်တကွ.. သံဃာတော်များကို.. ဦးဆောင်၍.. ဆွမ်းခံကြွလေ့ရှိ၏.

Lord Buddha led the monks including Shin Ananda, to make alms collecting round.



ထိုအချိန် ကောသမ္ဗီ အား.. အုပ်ချုပ်သူမှာ.. ဥတေန ဘုရင် ဖြစ်သည်..

At that period of time the ruler of the country of Kauthambi was the king Utena.





ဥတေန မင်း၌.. ဝါသုလဒတ္တာ.. သာမာဝတီ နှင့်..

The king Utena had three queens:- Wathuladhatta, Thamawadi and



ဘုရားရှင် ကောသမ္ဗီသို့.. ကြွရောက်ရှိသောအချိန်တွင်.. တိုင်းပြည်တခုလုံးသည်.. မိစ္ဆာဒိဋ္ဌိများ.. လွှမ်းမိုးသော အချိန် ဖြစ်ပါ၏..

When Lord Buddha came to Kauthambi, the whole country was under the influence of heresy.




မကြည်ညိုသူများလည်း.. အများအပြား.. ရှိနေကြပေ၏..

There were a lot of people who did not adore Lord Buddha as well.





ထိုသို့ မကြည်ညိုသူများအထဲတွင်.. "ဥတေန" ဘုရင်၏ မိဖုရားဖြစ်သော.. မာဂဏ္ဍီလည်း အပါအဝင် ဖြစ်လေသည်..
Among the people who did not adore Lord Buddha, Maghandi who was the queen of Utena, was included.
ကြည်ညိုနိုင်ပေါင်.. I don't adore him.
ဂေါတမကို.. လက်စားချေမယ်.. I'll revenge Gautama.
မာဂဏ္ဍီ၏ အတိတ်ဇာတ်ကြောင်းကား.. ဤသို့ဖြစ်၏..
The past story of Maghandi was like that.
သမီးရေ.. Daughter.
တို့သမီးလေးက.. အရမ်းလှတယ်.. ဒါကြောင့်.. ဘုန်းကံ အလွန်ကြီးမားတဲ့..ယောကျ်ားနဲ့မှ..ပေးစားနိုင်မယ်..
Our daughter is very beautiful. So we let her to marry very powerful man.
မာဂဏ္ဍီတို့ မိသားစုကား.. ဆင်းရဲသော်လည်း မာနကြီး၏..
Though Maghandi family was poor, they were very proud.